**မသန်မစွမ်းဖြစ်သွားသောတပ်မတော်သားများနှင့်သေဆုံးသောသို့မဟုတ်ကျဆုံးသော**

**တပ်မတော်သားများ၏မိသားစုများအားထောက်ပံ့စောင့်ရှောက်ရေးဥပဒေပြဋ္ဌာန်း(၃၀-၃-၂၀၁၂)**

# မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့်သေဆုံးသော သို့မဟုတ်ကျဆုံးသော တပ်မတော်သားများ၏မိသားစုများအားထောက်ပံ့စောင့်ရှောက်ရေး ဥပဒေ

**(၂၀၁၂ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၈။)**

**၁၃၇၃ခုနှစ်၊ တန်ခူးလဆန်းစရက်**

**(၂၀၁၂ခုနှစ်၊ မတ်လ ၃၀ ရက်)**

## နိဒါန်း

နိုင်ငံတော်ကာကွယ်ရေးအတွက် သက်စွန့်တာဝန်ထမ်းဆောင်ရန် တပ်မတော်သို့ ဝင်ရောက်၍ စစ်မှုထမ်းဆောင်ခဲ့ကြပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့်သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မသန်မစွမ်းဖြစ်သွားသူ** ဆိုသည်မှာ တန်းပြည့်စစ်မှုထမ်းချိန်တွင် စစ်မှုထမ်းဆောင်ခြင်းနှင့် အကျုံးဝင်သည့် အကြောင်းတစ်ခုခုကြောင့် ကိုယ်၊ စိတ်အင်္ဂါအစိတ်အပိုင်း၊ တစ်ခုခုချို့ယွင်းသွားသော သို့မဟုတ် စစ်မှုထမ်းဆောင်ခြင်းကြောင့် ပိုမိုဆိုးရွား လာသည်ဟု အကြောင်းပြ၍ရသည့် မသန်မစွမ်း ဖြစ်သွားသော တပ်မတော်သား တစ်ဦးဦးကိုဆိုသည်။

(ခ) **သေဆုံးသူ** ဆိုသည်မှာ အကြောင်းတစ်ခုခုကြောင့် သေဆုံးသောတပ်မတော်သား တစ်ဦးဦးကို ဆိုသည်။

(ဂ) **ကျဆုံးသူ** ဆိုသည်မှာတိုက်ပွဲကြောင့် ကျဆုံးသောတပ်မတော်သား တစ်ဦးဦးကို ဆိုသည်။

(ဃ) **တန်းပြည့်စစ်မှုထမ်းချိန်** ဆိုသည်မှာ ၁၉၅၉ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရသူတစ်ဦးနှင့် သက်ဆိုင်စေရာ၌ အောက်ပါအတိုင်း ထိုသူပါဝင် ဆောင်ရွက် နေသည့် အချိန်ကို ဆိုလိုသည်-

(၁) ရန်သူနှင့်ပြိုင်ဆိုင်တိုက်ပွဲဆင်နွှဲနေသော တပ်ဖွဲ့တစ်ဖွဲ့တွင်တွဲဖက်ထားသည့် အချိန် သို့တည်းမဟုတ် ပါဝင်သည့်အချိန် သို့တည်းမဟုတ်၊

(၂) ရန်သူကလုံးဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း သိမ်းပိုက်ထားသော တိုင်းပြည်တစ်ပြည်၌ဖြစ်စေ၊ နေရာတစ်ခု၌ဖြစ်စေ၊တိုက်ပွဲဆင်နွှဲနေသည့် အချိန်သို့တည်းမဟုတ် ယင်းကဲ့သို့သော တိုင်းပြည်တစ်ပြည်သို့ဖြစ်စေ၊နေရာတစ်ခုသို့ဖြစ်စေ စစ်ချီတက်ရာ၌ ပါဝင်သည့် အချိန်သို့တည်းမဟုတ်၊

(၃) နိုင်ငံခြားနိုင်ငံတစ်ခုကို သိမ်းပိုက်ထားသော တပ်ဖွဲ့တစ်ဖွဲ့တွင်တွဲဖက်ထားသည့်အချိန် သို့တည်းမဟုတ် ပါဝင်သည့်အချိန်။

(င) **ထောက်ပံ့စောင့်ရှောက်မှု** ဆိုသည်မှာ မသန်မစွမ်းဖြစ်သွားသူကို သော်လည်းကောင်း၊ သေဆုံးသူ သို့မဟုတ် ကျဆုံးသူ၏ မှတ်တမ်းဝင် အမွေခံဇနီး သို့မဟုတ် ခင်ပွန်း သို့မဟုတ် သားသမီးကိုသော်လည်းကောင်း နိုင်ငံတော်ကစီစဉ်ပေးသောနေရာရှိခြံမြေနှင့်နေထိုင်ရန် အိမ်သို့မဟုတ် တိုက်ခန်းကို ဆိုသည်။

(စ) **အခွင့်ရအာဏာပိုင်** ဆိုသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဤကိစ္စအလို့ငှာ တာဝန်ပေးအပ်ထားသည့် အရာရှိကြီးတစ်ဦးဦးကို ဆိုသည်။

(ဆ) **ကျေနပ်လောက်အောင်တာဝန်ထမ်းဆောင်မှု** ဆိုသည်မှာ တပ်မတော်အက်ဥပဒေကို လိုက်နာရသူတစ်ဦးသည် ၎င်း၏အကျင့်စာရိတ္တမှတ်တမ်းတွင် တစ်ဆက်တည်း စစ်မှုထမ်းသက်သုံးနှစ်အတွင်း စစ်တရားရုံးတစ်ခုခုဖြင့် ပြစ်ဒဏ်စီရင်ခံရခြင်းမရှိသည်အထိ တာဝန်ထမ်းဆောင်ခဲ့မှုကိုဆိုသည်။

## အခန်း(၂)

## မသန်မစွမ်းသူများအတွက်ထောက်ပံ့စောင့်ရှောက်မှု

၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးသည် မသန်မစွမ်းဖြစ်သွားသူအား ဆေးခုံအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးပြီးမသန်မစွမ်းမှုရာခိုင်နှုန်းကိုသတ်မှတ်ရမည်။

၄။ မသန်မစွမ်းဖြစ်သွားသူတစ်ဦးသည် မသန်မစွမ်းမှုရာခိုင်နှုန်း၆၀နှင့်အထက် သတ်မှတ်ခံရပြီး တပ်မတော်တွင် ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု အခွင့်ရအာဏာပိုင်ကသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က အာဏာအပ်နှင်းထားသည့်အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ခြင်းခံရပါက ထောက်ပံ့စောင့်ရှောက်မှုကိုခံစားခွင့်ရှိသည်။

## အခန်း(၃)

## သေဆုံးသူသို့မဟုတ်ကျဆုံးသူများအတွက်ထောက်ပံ့စောင့်ရှောက်မှု

၅။ သေဆုံးသူသို့မဟုတ်ကျဆုံးသူတစ်ဦးသည် တပ်မတော်တွင်ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု အခွင့်ရအာဏာပိုင်ကသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က အာဏာအပ်နှင်းထားသည့် အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ခြင်းခံရပါကယင်း၏မှတ်တမ်းဝင်အမွေခံဇနီးသို့မဟုတ်ခင်ပွန်းသို့မဟုတ်သားသမီးသည်ထောက်ပံ့စောင့်ရှောက်မှုကိုခံစားခွင့်ရှိသည်။

## အခန်း(၄)

## ထောက်ပံ့စောင့်ရှောက်မှုခံစားခွင့်မရှိခြင်း

၆။ (က) ပုဒ်မ ၄ အရ ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရှိသူသည် တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ်ငါးနှစ်နှင့်အထက် ချမှတ်ခံရပါက ထောက်ပံ့စောင့်ရှောက်မှုခံစားခွင့်မရှိစေရ၊

(ခ) ပုဒ်မ၅အရ ထောက်ပံ့စောင့်ရှောက်မှုခံစားခွင့် ရှိသူသည် တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ်သုံးနှစ်နှင့် အထက်ချမှတ်ခံရပါက ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့် မရှိစေရ။

၇။ ဤဥပဒေပုဒ်မ၄ သို့မဟုတ် ပုဒ်မ၅ပါထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရှိသူသည် မြန်မာနိုင်ငံသားအဖြစ်မှ နိုင်ငံခြားသား အဖြစ်သို့ကူးပြောင်းခဲ့လျှင်ထောက်ပံ့စောင့်ရှောက်မှုကိုခံစားခွင့်မရှိစေရ။

## အခန်း(၅)

## အထွေထွေ

၈။ ကာကွယ်ရေးဝန်ကြီးဌာနသည် ဤဥပဒေအရခံစားခွင့်ရှိသူများ၊ ထောက်ပံ့စောင့်ရှောက်မှုရရှိနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည်-

(က) လိုအပ်သောနည်းဥပဒေ၊စည်းမျဉ်းနှင့်စည်းကမ်းများကိုထုတ်ပြန်နိုင်သည်။

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏သဘောတူညီချက်ဖြင့်လိုအပ်သောအမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**